# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်နှင့်သက်ဆိုင်သောအလုပ်ရုံဆွေးနွေးပွဲ(၂၀၁၈ခုနှစ်၊မေလ၊ ၆ရက်နေ့)





သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှမူလဝင်ငွေအခြေအနေသို့ပြန်လည်ရရှိစေရေးအစီအစဉ်နှင့်သက်ဆိုင်သောအလုပ်ရဆွေးနွေးပွဲအား၂၀၁၈ခုနှစ်မေလ၆ရက်နေ့တွင်(ဇုန်-ဘီ) ပြန်လည်နေရာချထားရေးနေရာ၌ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုဖြင့်ပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့စုစုပေါင်း၆၂ဦးတက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင်ပြန်လည်နေရာချထားရေးနေရာနှင့်သက်ဆိုင်သည့် ရေပေးဝေခြင်းကိစ္စ၊လျှပ်စစ်မီးကိစ္စ၊မိလ္လာပြဿနာ၊အစိုးရဌာနနှင့်သက်ဆိုင်သောကိစ္စရပ်များ၊အလုပ်အကိုင်ရရှိရေးနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းနှင့်သက်ဆိုင်သောကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပါသည်။ထို့အပြင်မြိုင်သာယာ(၃)(ဇုန်-ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်ဆယ်အိမ်မှူးရွေးချယ်ခန့်ထားခြင်းနှင့်ပတ်သက်၍ညောင်ဝိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြပါသည်။

## Income Restoration Program workshop (06th May, 2018)



On 06th May 2018, Income Restoration Program Workshop was held at Zone B relocation site organized by TSMC with the technical support of JET. 62 participants attended the workshop. During that workshop, Relocation site issues (Water Supply System, Electricity issue, Toilet issue), Government related issues such as NRC, Census transfer and land title, Local Employment issues (Job readiness and vocational training) were discussed among them. In addition, the participants confirmed to choose 10 HHs Head Leader by cooperating with Nyaung Wine Village Tract Administrator.

## ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေပြည်သာယာကျေးရွာနှင့် သီတာမြိုင်ကျေးရွာတို့တွင် သီလဝါ အထူးစီးပွားရေးဇုန် မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းအကြောင်းကို မိတ်ဆက်ရှင်းလင်းခြင်း (၂၀၁၈ခုနှစ်၊ မေလ ၊ ၁၅ရက်နှင့်၂၇ရက်နေ့)





၂၀၁၈ခုနှစ်၊မေလ၊၁၅ရက်နှင့်၂၇ရက်နေ့တို့တွင်သီလဝါအထူးစီးပွားရေးဇုန်မှမကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းအားမြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ရွှေပြည်သာယာကျေးရွာနှင့်သီတာမြိုင်ကျေးရွာတို့တွင်မိတ်ဆက်ရှင်းလင်းခြင်းများပြုလုပ်ခဲ့ပါသည်။အဆိုပါရှင်းလင်းပွဲသို့MJTD၊TSMC၊ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၊ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ကျေးရွာလူထုများမှစုစုပေါင်း၂၃၅ရောက်ခန့်တက်ရောက်ခဲ့ကြပါသည်။လူထုဆက်ဆံရေးအရာရှိမှTCMPလုပ်ထုံးလုပ်နည်းနှင့်လုပ်ဆောင်ချက်များအားရှင်းလင်းတင်ပြခဲ့ပြီးတက်ရောက်လာသူများမှအဆိုပါဖြေရှင်းရေးယန္တရားရှိနေသည့်အတွက်၎င်းတို့၏မကျေနပ်ချက်များကိုတင်ပြရာတွင်ယခင်ကထက်ပိုမိုလွယ်ကူအဆင်ပြေကြောင်း ပြောကြားခဲ့ပါသည်။

## Introduction of TCMP Rollout with PACs at Kyauktan general administrative office, Shwe Pyi Tharyar Village and Thida Myaing Village (15th and 27th May 2018)





In order to share the idea of TCMP, roll-out meetings are made at MJTD Office, Shwe Pyi Tharyar Village and Thida Myaing village on 15th and 27th May 2018. Around 235 participants including Officers form Kyauktan General Administration Office, members from TSMC, Community Relation Officer from MJTD, JET and community from Shwe Pyi Tharyar and Thida Myaing Vllage attended the meeting respectively.Participants mentioned that having the good grievance mechanism in Thilawa SEZ not only makes the community easy to raise their concerned issues but also to resolve effectively than before.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## သီလဝါအထူးစီးပွားရေး(ဇုန်ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများ အတွက် လုပ်ငန်းခွင်မဝင်ခင် ကြိုတင်ပြင်ဆင်ခြင်း သင်တန်း (၂၀၁၈ခုနှစ်၊ မေလ၊ ၁၇ရက် နှင့် ၁၈ရက်)





သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည်ဇုန်ဘီစီမံကိန်းကြောင့်ထိခိုက်သူများအတွက်လုပ်ငန်းခွင်မဝင်ခင်ကြိုတင်ပြင်ဆင်ခြင်းသင်တန်းကို၂၀၁၈ခုနှစ်၊မေလ၊၁၇ရက်နှင့်၁၈ရက်နေ့တို့တွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုဖြင့်၂ရက်သင်တန်းအားဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။သင်တန်း၏အဓိကရည်ရွယ်ချက်မှာစီမံကိန်းကြောင့်ထိခိုက်သူများအားလုပ်ငန်းခွင်မဝင်ခင်ကြိုတင်ပြင်ဆင်ထားသင့်သောအချက်များအားသိရှိစေရန်နှင့်၎င်းတို့နှင့်သင့်လျော်သောအလုပ်အကိုင်ရှာဖွေရာတွင်လွယ်ကူအဆင်ပြေစေရန်ကူညီထောက်ပံ့ပေးခြင်းဖြစ်ပါသည်။အဆိုပါသင်တန်းသို့စုစုပေါင်း၂၃ဦးတက်ရောက်ခဲ့ပါသည်။သင်တန်းတက်ရောက်သူများအားAlidac Myanmar Healthcare Co., Ltd ° နှင့် Foster ElectricCo.,Ltd.တို့မှသင်တန်းဆရာ/ဆရာမများမှသင့်လျော်သောအလုပ်အကိုင်ရှာဖွေခြင်း၊အလုပ်လျှောက်လွှာCVပြင်ဆင်ခြင်း၊အင်တာဗျူးဖြေဆိုနည်းများ၊ဝန်ထမ်းကောင်းတစ်ဦး၏အမူအကျင့်များနှင့်ကုမ္ပဏီများ၏အခြေခံစည်းမျဉ်းစည်းကမ်းများကိုသင်ကြားပို့ချခဲ့ပါသည်။

## လူထုဆက်ဆံရေးအတွက်အကျိုးသက်ရောက်မှုရှိသော နည်းဗျူဟာနှင့်သက်ဆိုင်သည့်အလုပ်ရုံအစည်းအဝေးကိုပြုလုပ်ခြင်း ၂၀၁၈ ခုနှစ် မေလ၊ ၂၅ ရက်





၂၀၁၈ ခုနှစ် မေလ ၂၅ ရက် နေတွင် တွင် Strategic and interactive public relations seminar ကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတွင်ပြုလုပ်ခဲ့ပါသည်။ သင်တန်းအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင် ဒေါ်စိုးစိုးအေး ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ CRT team, JICA Expert Team (IRP),and JICA Expert Team (RWP) တိုတက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းပေးသူအဖြင့် ဦးစိန်ဝင်း Training Director of Myanmar Journalism Institute မှ သင်တန်းပို့ချခဲ့ပါသည်။ သင်တန်းတွင် (1) Know the Media (2) News worthiness (3) Target and Message (4) Communication Strategy Plan တိုကိုဆွေးနွေးပို့ချခဲ့ပါသည်။ ဆွေးနွေးပွဲအပြီးသင်တန်းရောက်လာသူများမှ ၎င်းတိုသိလိုသည်များနှင့် မရှင်းလင်းသည့် အချက်များအား မေးမြန်းဆွေးနွေးခဲ့ပါသည်။

## Community Workshop with Zone B PAPs: The agreement for water usage charges and collects the other relevant data (18th Feb, 2018)



Job Readiness Training for Zone B PAPs was started on 17th and 18th of May 2018 organized by TSMC with the technical support of JET. The purpose of the training is to support the PAPs to be easy on finding their suitable jobs and to prepare the needs before they start working. Total 23 participants attended the training. Finding the suitable job, preparing the CV, interview tips, good employee's behaviors and general rules and principles were lectured by trainers from Alidac Myanmar Healthcare Co.,Ltd and Foster Electric Co.,Ltd.

## Seminar on strategic and interactive public relation 25th May 2018



On 25th May 2018, Strategic and interactive public relation seminar was held at MJTD lectured by U Sein Win, Training Director from Myanmar Journalism Institute. TSMC members, Environmental and construction department of OSSC, CRT members, JET and resettlement work plan (RWP) team attended the seminar. The knowledge about the media, news worthiness, target and message, communication strategy is explained and discussed with the participants together by raising the questions and concerned information.

## မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အလုပ်ရုံဆွေးနွေးပွဲ
## ၂၀၁၈ ခုနှစ် မေလ ၂၇ရက်



၂၇.၅.၂၀၁၈ရက်နေ့တွင် ကျောက်တန်းမြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးတွင် မူလဝင်ငွေပြန်လည်ရရှိရေး အစီအစဉ်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။အဆိုပါဆွေးနွေးပွဲကို ပြန်လည်နေရာချထားရေး ပြင်ပတွင်နေထိုင်သည့် အိမ်ထောင်စုများ၊ JICA Expert Team ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ဆွေးနွေးပွဲတွင်မူလဝင်ငွေ ပြန်လည်ရရှိရေးအတွက်အလုပ်အကိုင်ရရှိရေးနှင့် ပက်သက်၍ CVတင်ရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတက်လိုလျှင် တက်ရောက်နိုင်ပါကြောင်းဆွေးနွေးခဲ့ပါသည်။တက်ရောက်လာသည့်သူများမှငင်းတိုအသက်အရွယ်နှင့်ကိုက်ညီသည့် အလုပ်အကိုင်များရရှိလိုကြောင်း တင်ပြခဲ့ကြပါသည်။

## IRP consultation workshop with Zone B PAPs (Economically affected)
## 27th May 2018



IRP consultation workshop was made with Zone B economically affected households at Kyauktan Urban and Housing Department on 27th May 2018. Community relation officer, 7 affected households, TSMC members and JET attended the workshop. During the workshop, the awareness of IRP activities which include consultation meeting with PAPs, technical support, follows up and monitoring are explained. After that JET shared the information about the job matching procedures and consulted with the PAPs who want to apply the work at SEZ and attend the further vocational trainings.

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသော မိသားစုများအားမေလအတွက်ထောက်ပံ့ခြင်း
## ၂၀၁၈ ခုနှစ် မေလ ၂၅ရက်



မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်ဖြင့်အပိုင်း(ခ)မှပြောင်းရွှေ့နေထိုင်သူများနေထိုင်သည့်ပြန်လည်နေရာချထားရေးနေရာမြိုင်သာယာတိုးချဲ့ရပ်ကွက်တွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့်သတ်မှတ်ချက်နှင့်ကိုက်ညီသည့်အကျုံးဝင်အိမ်ထောင်စု(၂၀)ကို (၁၉.၃.၂၀၁၈) ရက်နေ့မှ (၂၃.၃.၂၀၁၈)ရက်နေ့အထိ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable People Program for May was provided at Zone B relocation site
## 25th May, 2018



The in-kind provision support in Vulnerable People Program (VPP) was started at Zone B relocation site on 19th March 2018 by TSMC with the technical support of JET. In accordance with VPP criteria, 20 households were identified as vulnerable families.